# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ၂၀၂၀ ပြည့်နှစ်အတွင်း ကော်မရှင်သို့ ပေးပို့လာသော တိုင်တန်းချက်များ အပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေ သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၂/၂၀၂၁)

၁။ ၂၀၂၀ ပြည့်နှစ်အတွင်း လူ့အခွင့်အရေးဖောက်ဖျက်ခံရကြောင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ ပေးပို့တိုင်ကြားလာသည့် တိုင်တန်းချက်ပေါင်း (၂၀၂၀) စောင်ကို လက်ခံရရှိခဲ့ပြီး ၂၀၁၉ ခုနှစ်မှ လက်ကျန် (၃၁၆) စောင်ရှိသဖြင့် စုစုပေါင်း တိုင်တန်းချက် (၂၃၃၆) စောင်ကို ကော်မရှင် စုံစမ်းစစ်ဆေးရေးအဖွဲ့က စုံစမ်းစစ်ရေးအဖွဲ့အစည်းအဝေးများ ကျင်းပ၍ အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | သက်ဆိုင်ရာဌာနအဖွဲ့စည်းများသို့ ပေးပို့စိစစ်ခြင်း | – | ၅၆၁ | စောင် |
| (ခ) | တိုင်တန်းသူများထံ အကြောင်းကြားခြင်း | – | ၂၄၅ | စောင် |
| (ဂ) | ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း | – | ၇ | စောင် |
| (ဃ) | မှတ်တမ်းထားရှိခြင်း | – | ၁၄၉၂ | စောင် |
| (င) | လက်ကျန် | – | ၃၁ | စောင် |
| စုစုပေါင်း | | – | ၃၃၆ | စောင် |

၂။ တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများမှ ပြန်ကြားချက် (၆၁၃) စောင်ကို အောက်ပါ အတိုင်း လက်ခံရရှိခဲ့ပြီး တိုင်တန်းသူ ကာယကံရှင်များထံသို့ ကော်မရှင်မှ ပေးပို့ ပြန်ကြားပြီးဖြစ် ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | ၂၀၁၇ ခုနှစ်အတွင်း တိုင်တန်းချက်အပေါ် ပြန်ကြားချက် | – | ၁ | စောင် |
| (ခ) | ၂၀၁၈ ခုနှစ်အတွင်း တိုင်တန်းချက်အပေါ် ပြန်ကြားချက် | – | ၂၂ | စောင် |
| (ဂ) | ၂၀၁၉ ခုနှစ်အတွင်း တိုင်တန်းချက်အပေါ် ပြန်ကြားချက် | – | ၂၀၄ | စောင် |
| (ဃ) | ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်တန်းချက်အပေါ် ပြန်ကြားချက် | – | ၃၈၆ | စောင် |

၃။ မှတ်တမ်းထားရှိခဲ့သည့် တိုင်တန်းချက် (၁၄၉၂) စောင်သည် ကော်မရှင်ဥပဒေပုဒ်မ ၃၇ အရ တရားရုံး တစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲ အမှုများ၊ တရားရုံးတစ်ခုခု၏ စီရင် ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများ၊ တရားရုံးတစ်ခုခုက အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသော အမှုများ၊ တိုင်တန်းချက် အင်္ဂါရပ်နှင့် မညီညွတ်သော အမှုများနှင့် ကော်မရှင်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးသော တိုင်တန်းချက်များဖြစ်သဖြင့် ဆက်လက်

အရေးယူ ဆောင်ရွက်ရန် မလိုအပ်သောကြောင့် မှတ်တမ်းအနေဖြင့် စနစ်တကျ ထိန်းသိမ်းထား ရှိပါသည်။

၄။ လူ့အခွင့်အရေး ဖောက်ဖျက်ခံရကြောင်း တိုင်တန်းခြင်း သို့မဟုတ် စွပ်စွဲခြင်းပြုလိုပါက စာဖြင့် ရေးသားဖော်ပြထားသော တိုင်တန်းချက် တစ်ရပ်ကို လူကိုယ်တိုင်ဖြစ်စေ၊ မှတ်ပုံတင်စာ၊ ပြည်တွင်း၊ ပြည်ပ၊ အမြန်ချောပို့စနစ်ဖြစ်စေ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ အမှတ် (၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။ ဖက်စ်ဖြင့် တိုင်ကြားစာ ပေးပို့လိုပါက ဖက်စ်ဖုန်းနံပါတ် ၀၁-၆၅၄၆၇၈ သို့လည်းကောင်း၊ အီးမေးလ်ဖြင့် တိုင်ကြားစာပေးပို့လိုပါက info@mnhrc.org.mm နှင့် protection@mnhrc.org.mm အီးမေးလ် လိပ်စာများသို့လည်းကောင်း ပေးပို့ တိုင်ကြားနိုင်ပါသည်။

၅။ တိုင်တန်းချက်တွင် တိုင်တန်းသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာ၊ ဖုန်းနံပါတ်နှင့်အတူ မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရကြောင်း ဖြစ်စဉ်ကို ရှင်းလင်း ပြည့်စုံစွာ ရေးသားဖော်ပြ၍ တိုင်တန်းသူကိုယ်တိုင် လက်မှတ်ရေးထိုးကာ ပေးပို့ရမည်ဖြစ်ပြီး လိုအပ် ပါက တိုင်ကြားစာပါ ဖြစ်စဉ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထား မိတ္တူများ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည့် အထောက်အထားများကိုပါပူးတွဲ၍ ပြည့်စုံစွာ ပေးပို့ရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်